The Standard Time Daily
www.sdtimedaily.com
www.facebook.com/standardtimedaily



● ဆောင်းဦးအလယ်ပွဲတော်(လမုန့်ပွဲတော်)ကို လမင်းပွဲတော်၊ စုံညီပွဲတော်ဟုလည်း တင်စားကြပြီး တရုတ်လူမျိုးများ၏ စုံညီပြီးပြည့်စုံမှုကို လိုအားသည့် အနက်အဓိပ္ပာယ်ဆောင်နေပါသည်။ ဆောင်းဦးအလယ်ပွဲတော်(လမုန့်ပွဲတော်)တွင် လရှုစားခြင်း၊ လမုန့်စားခြင်း၊ ပန်းမီးပုံးရှုစားခြင်း၊ မီးပုံးပဟေဠိဖြေကြားခြင်း၊ ရေတက်ရှုစားခြင်းဆိုသည့် အရပ်ဘက်ဓလေ့ထုံးစံများ ရှိသည်။

● တရုတ်နိုင်ငံတွင် လမုန့်သည် ကွမ်ကျိုးစတိုင်၊ စူးကျိုးစတိုင်၊ ပေကျင်းစတိုင်၊ ချောင်ကျိုးစတိုင်၊ ယူနန်စတိုင်နှင့် ဟောင်ကောင်စတိုင်ဟူ၍ များပြားလှသော ဒေသအလိုက် ထူးခြားချက်များရှိပါသည်။

● ယခုနှစ်ပိုင်းများတွင် ပိုမိုများပြားသော တရုတ်စားသုံးသူများသည် အဆီနည်းပါးမှုကို ပိုမိုလိုက်စားလာကြသည်နှင့်အတူ သကြားမဲ့၊ သကြားနည်း၊ အဆီနည်းစသည့် ကျန်းမာရေးသဘောတရားပါသည့် လမုန့်များသည် ဈေးကွက်၏ အကြိုက်သစ်များ ဖြစ်လာခဲ့ပြီး အမှတ်တံဆိပ်များကလည်း "ဂျုံအပြည့်"၊ "အသီးအနှံသုံးသည်"၊ "၁၀၀% ကြံသကြား" စသည့်တို့ကို အဆီထိန်း၊ သကြားနည်းလမုန့်၏ ကြော်ငြာလက်သုံးအဖြစ် အသုံးပြုလာကြသည်။

# ဆောင်းဦးအလယ်ပွဲတော်(လမုန့်ပွဲတော်) ။ ။ ရိုးရာတွင်းမှ အသစ်ဖန်တီးလိုက်သည့် အရသာကောင်း အဓိပ္ပာယ်ကောင်း

စက်တင်ဘာ ၁၇ ရက် (တရုတ်ရိုးရာပြက္ခဒိန် ၈ လပိုင်း ၁၅ ရက်) သည် တရုတ်ရိုးရာပွဲတော်ဖြစ်သည့် ဆောင်းဦးအလယ်ပွဲတော်(လမုန့်ပွဲတော်)ဖြစ်ပါသည်။ ကောင်းကင်ထက်တွင် လမင်း ပြည့်ဝန်းနေပြီး လူ့လောကတွင် မိသားစု စုံညီနေပါသည်။ လမုန့်ပွဲတော် ရောက်ရှိချိန်တိုင်းတွင် မိသားစုဝင်များသည် ဝိုင်းထိုင်၍ ထမင်းလက်စုံ စားသုံးကြကာလမုန့်ကို ဝေစားလျက် ပျော်ရွှင်စွာရှိနေတတ်ပါသည်။ လုံးဝန်းသော လမုန့်သည် ကောင်းကင်ထက်မှ လပြည့်ဝန်းနှင့် အသွင်တူ၍ စုံညီမှုနှင့် မင်္ဂလာရှိမှုတို့ကို သင်္ကေတထူနေပါသည်။ ယခုနှစ်ပိုင်းများတွင် အဆက်မပြတ် ပြောင်းလဲလာနေသော ဝယ်လိုအား လိုအပ်ချက်များနှင့် နီးစပ်ကိုက်ညီနိုင်ရန်အတွက် အရသာထူးဆန်းသော၊ ပုံသဏ္ဍာန် သေသပ်သော "အသစ်ဖန်တီးလမုန့်" နာမည်ကျော်ကြားလာခဲ့သည်။ အွန်လိုင်းအသုံးပြုသူများသည် "ဒီလိုဆိုတော့ မဝယ်ဘဲ ဘယ်နေနိုင်ပါ့မလဲ"ဟု ဆိုကြသည်။

ရှန်းရှီးပြည်နယ်တွင် တရုတ်နိုင်ငံ ပြည်တွင်းထုတ်ဂိမ်း "အနက်ရောင်ဒဏ္ဍာရီ ။ ။ ဝူခုန်း"ကြောင့် နာမည်ကျော်လာခဲ့သည့် ရှေးဟောင်းအဆောက်အအုံများသည်လည်း လမုန့်ထုတ်လုပ်သူများ၏ အသစ်ဖန်တီးမှု အမြင်သစ်ကို ရှေးဟောင်းအဆောက်အအုံများသို့ ကျရောက်လာစေခဲ့ပါသည်။ ပြည်နယ်မြို့တော်ဖြစ်သည့် ထိုက်ယွမ်မြို့တွင် နှစ်ရာချီဖွင့်ခဲ့သည့်ဆိုင်ဖြစ်သော "ထျန်းထိုက်ချန်း"သည် ရှန်းရှီးရှေးဟောင်းအဆောက်အအုံ အသွင်သဏ္ဍာန် ရိုက်နှိပ်ထားသည့် လမုန့် ဆယ်မျိုးကျော်ကို ထုတ်လုပ်ခဲ့သည်။ ဈေးကွက်တင်လိုက်သည်နှင့် ပြည်တွင်းပြည်ပမှ လူငယ်စားသုံးသူများ၏ကြိုက်နှစ်သက်မှုကို ရရှိခဲ့သည်။ "နှစ်ရှည်ဖွင့်လာတဲ့ဆိုင်ကို အများရဲ့ကြိုက်နှစ်သက်မှု အမြဲတမ်းရနေစေဖို့အတွက် အဆက်မပြတ် အသစ်ဖန်တီးမှုက လိုအပ်ပါတယ်။" "ထျန်းထိုက်ချန်း" ဆိုင်ပိုင်ရှင် လီလုမှ ခရီးသွားအများအပြားသည် အထူးသဖြင့် နိုင်ငံခြားခရီးသွားများသည် "ရှေးဟောင်းအဆောက်အအုံလမုန့်ကို" လွန်စွာနှစ်သက်ကြကြောင်း၊ ရှေးဟောင်းအဆောက်အအုံများ၏ နောက်ကွယ်မှ ပုံပြင်များကိုလည်း သိရှိနားလည်လိုကြကြောင်း မိတ်ဆက်ပြောပြသည်။

တရုတ်တိုင်းရင်းဆေး ရေနွေးကြမ်း၊ တရုတ်တိုင်းရင်းဆေး ပေါင်မုန့်၊ တရုတ်တိုင်းရင်းဆေး ရေခဲမုန့်တို့ပြီးနောက် တရုတ်တိုင်းရင်းဆေး၏ ဂယက်သည် ဆောင်းဦးအလယ်ပွဲတော် လမုန့်သို့တိုင် တိုက်ခတ်လာခဲ့သည်။ ကျောက်သစ်ခွပန်း၊ အမေရိကန်ဂျင်စင်း၊ လိမ္မော်ခွံခြောက်စသည့် တရုတ်တိုင်းရင်းဆေးအမည်များသည် လမုန့်ဌာပနာ၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာခဲ့သည်။ တရုတ်တိုင်းရင်းဆေး လမုန့်သည်လည်း "ဆေးဘက်ဝင် အစားအစာလမုန့်" ဖြစ်လာခဲ့ပြီး "အစာလည်းဆေး၊ ဆေးလည်းအစာ"အဖြစ် ဆေးအမည်များကို လမုန့်အတွင်းသို့ ထည့်သွင်းခဲ့ကြကာ ကျန်းမာ၍ အရသာရှိသော လမုန့်များ ထုတ်လုပ်လာခဲ့ကြပါသည်။ ရွှေဖရုံသီးကြက်ဥအနှစ်ဂျင်စင်းဟွမ်ချီလမုန့်၊ အစေ့ငါးမျိုးဆီးပန်းစေ့ဂျင်စင်းလမုန့်၊ နှင်းဆီ အမေရိကန်ဂျင်းဆင်းတုန်ကွေးလမုန့်၊ လိမ္မော်ခွံခြောက်မေလပန်းလမုန့် စသည်ဖြင့် အင်မတန်ဖန်တီးမှုသဘောတရားများပါဝင်သော ဆေးဘက်ဝင်အစားအစာလမုန့်များသည် စားသုံးသူများကို လွန်စွာအံ့ဩစေခဲ့သည်။

လမုန့် အသစ်ဖန်တီးမှုများသည် တရုတ်နိုင်ငံ ခေတ်ရေစီးကြောင်း၊ IP အမည်တူစသည့် တစ်မူထူးခြားသော ဒီဇိုင်းရေးဆွဲမှုများပေါ်တွင်လည်း ပေါ်ထွက်လာခဲ့သည်။ တရုတ်နိုင်ငံ၏ နာမည်ကျော်လမုန့်တံဆိပ် ဆယ်ခုထဲမှ တစ်ခုဖြစ်သည့် ရွှေရောင်ကိုးလပိုင်း လမုန့်သည် ယခုနှစ်တွင် ဒစ်စနီနှင့် တွဲဖက်၍ အံ့ဖွယ်လမင်း အဓိကအကြောင်းအရာလမုန့်ကို ဈေးကွက်တင်ခဲ့ပြီး လှပမှုနှင့် အရသာတို့ တစ်ပြိုင်နက်ဖန်တီးခဲ့ကာ လူငယ်စားသုံးသူများကို ဆွဲဆောင်ခဲ့သည်။ နှစ်ရာချီဖွင့်ခဲ့သည့်ဆိုင်ဖြစ်သော ဆီးသီးပန်းအဆောင်ကမူ အမှတ်တံဆိပ်၏ ဂန္ထဝင်ပုံရိပ်ဖြစ်သည့် လနတ်သမီးကို ပေကျင်းအော်ပရာ မျက်နှာဖုံးနှင့် ပေါင်းစပ်၍ လွန်စွာ ထူးခြားသော ဆောင်းဦးအလယ်ပွဲတော်(လမုန့်ပွဲတော်) "တရုတ်ခေတ်ရေစီးကြောင်းသစ်"လမုန့်ကို ဖန်တီးထုတ်လုပ်ခဲ့သည်။ အွန်လိုင်းပလက်ဖောင်းတွင် အော်ဒါမှာယူမှုသည် အပတ်စဉ်ရောင်းအားအမြင့်ဆုံး ဘူး ၂၀၀၀ ဆိုသည့်မှတ်တမ်းကို ကျော်လွန်ခဲ့ပါသည်။ ဟန်ကျိုးမြို့ ယွီဟန်ဖိန်ယောင်လမ်းဟောင်းမှ ဆိုင်တစ်ဆိုင်တွင် "ရွှေမျောက်လဆွတ်ခူး"သည့် အဓိကအကြောင်းအရာလမုန့်သည် ဆွဲဆောင်မှုအပြည့်ရှိနေပြီး အတွင်း၌ ထည့်ထားပေးသည့် ကစားစရာ အစုံလိုက်ကို ဖွင့်လိုက်သည်နှင့် ကပ်ခြင်း၊ ချိတ်ခြင်းဖြင့် သေသပ်လှပသော ပန်းပွင့်မီးပုံးကို ရရှိနိုင်မည်ဖြစ်သည်။ မီးပုံးပေါ်က မျောက်သုံးလေးကောင်မှ အုပ်စုလိုက် "လဆွတ်ခူး"နေပုံသည် လွန်စွာသဘောကျဖွယ် ကောင်းလှပါသည်။

ထို့ပြင် ကိတ်လမုန့်၊ ပုံစံသစ်တရုတ်ရိုးရာပုံစံ မိုမိုရာမာအခွံလမုန့်၊ ဆန်လမုန့်၊ လမုန့်ဌာပနာလွတ်၊ နို့ပြားလမုန့်၊ အာကာသဗာရှင်းလမုန့် စသည်ဖြင့် အသွင်လှပြီး စားကောင်းသော လမုန့်များသည် ဈေးကွက်၏ အမျိုးစုံလင်မှုကို ကြွယ်ဝလာစေရုံသာမက လမုန့်၏ အသစ်ဖန်တီးမှုကိုလည်း မြင့်မားလာစေခဲ့သည်။ စားသုံးသူ၏ ရိုးရာပွဲတော်အစားအစာအပေါ် စိတ်ဝင်စားလာစေမှုနှင့် အရသာအပေါ် ခံစားမှုများကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

